မိတ်ကူးချိုချိုစာပေညသာ
mgyoe.com

# မှော်ဆရာပိစိကွေးနှင့်

## ကလေးကဗျာပုံပြင်များ

မောင်သင်းမိုး



mgyoe.com



# မှင်စာနှစ်ကောင်

မြမောင်းသင်းမြို့

ဒိုးဒိုးနဲ့ပိုးပိုး တောကြားတောင်ကြားတိုး
မကောင်းဆိုးဝါး မှင်စာနှစ်ကောင်
နားရွက်ချွန်လို့ အမြီးထောင်
နောက်ပြောင်ကျီစယ်အမြဲလုပ်
နှာခေါင်းရှည်လို့ အမွေးစုတ်
ဦးထုပ်ချွန်ချွန် လက်ကားရား ပုကွကွနဲ့သွား

တရားဟောဆရာ ရှိုးမိုးထုတ် စင်ပေါ်တက်ဖို့လုပ်
ငရုပ်နှစ်ကောင်ဆိုးမှဆိုး ဒိုးဒိုးနဲ့ပိုးပိုး
ရှုးဖိနပ်ကြိုးပူးချည်တဲ့ စင်ပေါ်မှောက်လျက်လဲ
တည်းခိုခန်းရှေ့ယူ၍လာ စာခြောက်ရုပ်ကြီးပါ
မီးခလုတ်များဆော့ကစား လင်းချေ မိုက်ချေလား
တံခါးခေါက်သံ တဒေါက်ဒေါက်
တံခါးဖွင့်တော့ပျောက်
မှင်စာကြောက်တဲ့ကိုဖိုးသား ခေါင်းမြီးခြုံပြီးအိပ်ပါလား။

POEM0104
2,000.00KS

mgyoe.com

mgyoe.com

မော်ဆရာ ပိစိကွေးနှင့် ကလေးကာတျာပုံပြင်များ၊ မောင်သင်းဖိုး
မျက်နှာဖုံးပန်းချီနှင့် အတွင်းပန်းချီ- ဖိုသံ
စာမျက်နှာ ၇၂ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ •၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# မှော်ဆရာပိစိကွေး နှင့်
## ကလေးကဗျာပုံပြင်များ

မောင်သင်းမိုး

mgyoe.com

mgyoe.com

# မာတိကာ


၁။ ချိုချိုမွှေးမွှေး ၄

၂။ မုန်လာဥ ချိုရဲရဲ ၆

၃။ စွန့်စားခန်းများ ၇

၄။ ရှည် နဲ့ ကြောင် ၈

၅။ ကာတွန်းဆရာ ၁၀

၆။ အကပြိုင်ပွဲ ၁၁

၇။ မှင်စာနှစ်ကောင် ၁၂

၈။ ကျီးနဲ့ဖီးကွက် ၁၄

၉။ မှော်ဆရာ ပိစိကွေး ၁၅

၁၀။ အကောင်းဆုံးစာ ၁၆

၁၁။ ယုန် ၁၈

၁၂။ အားငယ်သူ ၁၉


mgyoe.com

mgyoe.com


| | | |
|---|---|---|
| ၁၃။ | ဒွေးမယ်နော် | ၂၀ |
| ၁၄။ | ဟပ်ချိုး ကတိုး ဖိုးသိကြား | ၂၂ |
| ၁၅။ | ထော့ကျိုးတိုင်းပြည် | ၂၃ |
| ၁၆။ | မနော်ဟရီ | ၂၄ |
| ၁၇။ | လိုတရ ဦးထုပ် | ၂၆ |
| ၁၈။ | ပဲစေ့ငယ် | ၂၇ |
| ၁၉။ | ကြက်ဥနဲ့ဒေါ်ဘုမ | ၂၈ |
| ၂၀။ | သားသုံးယောက် | ၃၀ |
| ၂၁။ | တယောတေး | ၃၃ |
| ၂၂။ | စံပယ်ဖြူနဲ့နှင်းဆီနီ | ၃၄ |
| ၂၃။ | အသက်ကယ်ရေစင် | ၃၇ |
| ၂၄။ | ရဲတိုက်နီနီ | ၃၉ |
| ၂၅။ | ကျန်စစ်သားနှင့်ရာဇကုမာရ် | ၄၂ |
| ၂၆။ | သတို့သမီး | ၄၄ |
| ၂၇။ | ခရုမယ် | ၄၅ |
| ၂၈။ | ဆိတ်ကလေး ငါးကောင် | ၄၆ |
| ၂၉။ | ကြက်ဖကြက်မ | ၄၈ |
| ၃၀။ | မှော်ဖိနပ် | ၄၉ |
| ၃၁။ | မြင်းညိုသွေး | ၅၀ |
| ၃၂။ | အနာနဲ့ဆေး | ၅၂ |
| ၃၃။ | တောနက်ထဲက အသံ | ၅၃ |
| ၃၄။ | မိုးလေဝသ | ၅၄ |
| ၃၅။ | ကြွက်စည်းဝေးပွဲ | ၅၆ |


mgyoe.com

mgyoe.com


၃၆။ လှောင်အိမ်ထဲကကျား ၅၇

၃၇။ လေထဲဆောက်တဲ့နန်းတော်ကြီး ၅၈

၃၈။ ကျီးနက်ပြာ ၆၀

၃၉။ ကျီးနှင့်ဒိန်ခဲ ၆၁

၄၀။ သမင်ငယ် ၆၂

၄၁။ စပျစ်သီးနှင့်မြေခွေး ၆၄

၄၂။ ရူကောင်ကလေး ၆၅

၄၃။ ဝက်ဝံညီနောင် ၆၇

၄၄။ ချိုးငှက်နှင့်ပုရွက်ဆိတ် ၆၈

၄၅။ သတို့သား ၆၉

၄၆။ ပန်းခရမ်းပြာ ၇၀

၄၇။ နတ်ကလေးဆယ့်တစ်ယောက် ၇၁


❖

mgyoe.com

mgyoe.com

# ဆိုးဆိုးဖွေးဖွေး

မောင်သင်းမိုး



mgyoe.com

mgyoe.com

## ချိုချိုမွှေးမွှေး

မြို့စွန်မြို့ဖျား ဆိုင်ဖွင့်ထား
လက်ဖက်ရည်လား အအေးလား
ဖြတ်သွားဖြတ်လာနည်းပါးစွ
ဆင်းရဲလွန်းတဲ့ဒေါ်ပုမ
လှည်းလမ်းက ဖုန်ထူထူ မီးခိုးတအူအူ
မုတ်ဆိတ်ဖြူဖြူ အဘိုးအိုတစ်ယောက်
သူမဆိုင်ရှေ့ရောက်။

နေပူပူမို့တစ်ထောက်နား
ရေနည်းနည်းလောက်တိုက်ပါလား
လူသားချင်းချင်းကူညီမှု
စေတနာကိုအရင်းပြု
ဒေါ်ပုမ ရေတွင်းပြေး ရေငင်ခပ်လို့ပေး
ချိုအေးရသာရှိပါစေ
ရေတွင်းထဲကရေ
ဆုတွေပေးပြီး အံ့ဖွယ်ပင် အဘိုးမတွေ့မြင်
ရေငင်ပြီးတော့ခပ်ကြည့်တော့
ချိုလှမွှေးလှပေါ့
ရပ်ဝေးရပ်နီးလူအများ
ဆိုင်နာမည်ကြီးကျော်ကြားသွား။ ။

mgyoe.com

mgyoe.com


# မုန်လာဥ ချိုရဲရဲ

ယုန်ဖြူလေးနဲ့ ရှဉ့်ညိုဟာ
သူငယ်ချင်းတွေပါ
ညောင်ပင်အောက်မှာ ဆော့ကစား
နွားလှည်းတစ်စီး ဖြတ်မောင်းသွား
လှည်းအနားကို မသွားရဲ
ငေးမောကြည့်နေဆဲ

ယာခင်းထဲက ပြန်၍လာ
မုန်လာဥတွေပါ
မုန်လာဥဖြူ ချိုရဲရဲ
သူတို့ကြည့်နေဆဲ
လှည်းဘီးကျွံပြီး ပြုတ်ကာကျ မုန်လာတစ်ဥရ
ညီညီမျှမျှ ဝေစုခွဲ မုန်လာချိုရဲရဲ။ ။

mgyoe.com

## စွန့်စားခန်းများ

ပန်းနု ပန်းနု မပန်းနု အရုပ်တွေကိုစု
ဘုစုခရု ထိုးထိုးထောင် မြင်းရုပ်မောင်ဖိုးထောင်
ငွေရောင်ဖျော့ဖျော့သူ့အဆင်း မျက်တောင်တဝင်းဝင်း
အိပ်ခန်းပြတင်းသူ့ကိုထား စိတ်ကူးယဉ်ကာ ဆော့ကစား
နဂါးတွေကိုတိုက်ရအောင် သွားစို့မောင်ဖိုးထောင်
သိုးငယ်ကောင်များ ကယ်ဖို့သွား သူခိုးဓားပြဖမ်းစို့လား
မောင်ဖိုးထောင်မြင်းရုပ်လေး အသက်ရှိရင်ကောင်းမယ်တွေး
စိတ်ထားဖွေးတဲ့ပန်းနုငယ် ကြယ်များပတ်ပတ်လည်
ကြယ်နတ်သမီး အိုအရှင် လိုရာဆုကိုပေးစေချင်
မိုးကောင်းကင်ရဲ့လပြည့်ည လရောင်ဝင်းပပ

ခြဲဥယျာဉ်တံခါးပေါက် ဖိုးထောင် ခုန်ကျော်ရောက်
နှစ်ယောက်အတူခရီးသွား တိမ်တိုက်တွေကို ဖြတ်ကာလွှား
စွန့်စားခန်းများအံ့ဩဖွယ် ဆန်းကြယ်လှပေတယ်
ကြယ်စုသန်းနဲ့ဂြိုဟ်တွေပတ် မောရင်အိမ်ပြန်ရပ်
တဖျတ်ဖျတ်နဲ့မျက်တောင်မှိတ် မြင်းရုပ်ကလေးအိပ်။ ။

mgyoe.com

mgyoe.com

# ရှဉ့်နဲ့ကြောင်

မြင်သင်းမိုး



mgyoe.com

# ရှဉ့် နဲ့ ကြောင်

ရှဉ့်ငပေါ်ဘယ်မှာနေ သစ်ပင်ပေါ်မှာနေ
ငွေရောင်မှိုင်းမှိုင်းအနက်ကြား အမြီးတဖွားဖွား
အစာစားလို့ဝပါပြီ ပြေးလွှားကစားမည်
တကျည်ကျည် တတွတ်တွတ်
ဂါထာတွေကိုရွတ်
အပှုပ်အပှုပ် ပြူးကျယ်ကြောင်
ရှဉ့်ငပေါ်ကို ခုတ်ရအောင်
အရှောင်ကောင်းတဲ့ ရှဉ့်ငပေါ်
ပြူးကျယ် ဖတ်ဖတ်မောပြီ ။

mgyoe.com

# ကာတွန်းဆရာ

ဝေ့ဒွစ္စနီ ငယ်စဉ်ခါ
ဝင်ငွေနည်းတဲ့ ကာတွန်းဆရာ၊
အယ်ဒီတာတွေ မကြိုက်ကြ
ဘုန်းကြီးကျောင်းမှာ အလုပ်ရ၊
ဘုန်းကြီးအကြိုက် ရေးဆွဲထား
နံရံရေဆေးကား၊
ကြွက်ပေါများတဲ့ တဲစုတ်မှာ
ဆင်းဆင်းရဲရဲနေရရှာ၊
တဲအိမ်ငယ်မှာ အိပ်ပျော်မှေး
ကြွက်ငပုလေး ဖြတ်ကျော်ပြေး၊
အတွေးထဲမှာ အာရုံရ
ဆေးရောင်ပန်းချီခြယ်ကာသ၊
မြူးမြူးကြွကြွ ရုပ်ပုံထူး
နားရွက်ဝိုင်းဝိုင်း မျက်လုံးပြူး၊
ထူးထူးခြားခြား ချစ်စရာ
ကြွက်ငယ်ကလေးပါ၊
ကမ္ဘာကျော်တဲ့ မစ်ကီးမောက်စ်
အမြီးငေါက်တောက်တောက်။ ။

mgyoe.com

mgyoe.com

## အကာပြိုင်ပွဲ

ရှာတောင်ပိုင်းက မွေးမြူခြံ အမြဲဆူဆူညံ
အသံကောင်းလို့ နာမည်ကြီး မြင်းမ မမီးမီး
စည်းချက်ညီညီ ခွာကိုယက် အကအခုန် သူနှစ်သက်
တွဲဖက်ကဖို့ အဖော်စပ် ဘဲမခြေထောက်ပြားချပ်ချပ်
မအားမလပ်နို့တွေညှစ် နွားမတဇျစ်ဇျစ်
တအစ်အစ် တအင်းအင်း ဝက်မ တအားပျင်း
ဥကျင်းထဲမှာ ဝပ်နေတာ ကြက်မ မအားရှာ
မျက်လုံးနာတဲ့ သိုးကလေး ဟိုဟိုသည်သည်ငေး

ပွဲဈေးတန်းရှက်ဖျင်တဲ အကပြိုင်ပွဲ ဆင်ယင်ခွဲ
ဘဲမလေးတကားကား ရေခဲမုန့်တွေ ဝယ်လို့စား
ကြက်သားပေါက်စ တန်ဂိုက ဝတ်စုံလှလှပ
စုံတွဲကတဲ့ ဝက်နှစ်ကောင် မျက်နှာတော်တော်ပြောင်
နွားနှစ်ကောင်ပတတ်ထ ဘာရိတ်ဒန့်စ်နဲ့က။ ။

mgyoe.com

mgyoe.com

# မှင်စာနှစ်ကြောင်း

ရမှင်းသင်းမိုး



mgyoe.com

mgyoe.com


# မှင်စာနှစ်ကောင်

ဒိုးဒိုးနဲ့ပိုးပိုး တောကြားတောင်ကြားတိုး
မကောင်းဆိုးဝါး မှင်စာနှစ်ကောင်
နားရွက်ချွန်လို့ အမြီးထောင်
နောက်ပြောင်ကျီစယ်အမြဲလုပ်
နှာခေါင်းရှည်လို့ အမွေးစုတ်
ဦးထုပ်ချွန်ချွန် လက်ကားရား ပုကွကွနဲ့သွား

တရားဟောဆရာ ရှီးမိုးထုတ် စင်ပေါ်တက်ဖို့လုပ်
ငရုပ်နှစ်ကောင်ဆိုးမှဆိုး ဒိုးဒိုးနဲ့ပိုးပိုး
ရှူးဖိနပ်ကြိုးပူးချည်တွဲ စင်ပေါ်မှောက်လျက်လဲ
တည်းခိုခန်းရှေ့ယူ၍လာ စာခြောက်ရုပ်ကြီးပါ
မီးခလုတ်များဆော့ကစား လင်းချေ မှိတ်ချေလား
တံခါးခေါက်သံ တဒေါက်ဒေါက်
တံခါးဖွင့်တော့ပျောက်
မှင်စာကြောက်တဲ့ကိုဖိုးသား ခေါင်းမြီးခြုံပြီးအိပ်ပါလား။ ။

mgyoe.com

mgyoe.com


# ကျီးနဲ့ဇီးကွက်

အကြီးအမှူး မင်းမြှောက်တင် ခြသေ့်တောဘုရင်
ရေပြင်အားကြီး ပိုင်စိုးတာ ငါးကြီးအာနန္ဒာ
ငှက်ရွာစုဝေးဆန္ဒပေး မင်းတင်မြှောက်ဖို့ရွေး
တွေးတွေးဆဆအကြံခက် လှတ်တော်စည်းဝေးတက်
ဇီးကွက်ကြီး အမြင်ကျယ် ခန့်ညားလှပေတယ်
ငှက်ငယ်တချို့ အဆိုသွင်း ကျီးကန်းကန့်ကွက်ငြင်း
ပျင်းရိ မျက်ပြူးရုပ်ဆိုးလှ စဉ်းစားကြည့်ပါကြ
အဆင်းလှတဲ့ ငှက်ဟင်္သာ ပြောင်းလဲရွေးချယ်ပါ
မျက်နှာပြောင်ပြောင် တအားအား ပျံသန်းထွက်ခွာသွား
ရှက်အားကြီးလို့ဒေါသထွက် ရန်လိုနေတဲ့ကိုဇီးကွက်
ညဘက်မှောင်ရီတိုက်ပွဲမှာ ဇီးကွက်အနိုင်သာ
နေ့ဘက်ချိန်ခါတိုက်ပွဲမှ ကျီးကန်းအနိုင်ရ
အငြိုးအတေးရန်မူပွား စစ်မီးမငြိမ်းအား။ ။

mgyoe.com

mgyoe.com


## မှော်ဆရာ ပိစိကွေး

မှော်ဆရာလေးပိစိကွေး အသက်ငယ်ပါသေး
ခွေးကိုဖားဖြစ်စေ ကျီးကိုကြောင်ဖြစ်စေ
သူစေညွှန်ရာတကယ်ဟုတ် ဂေါ်ဖီထုပ်ကို ကိတ်မုန့်လုပ်
လက်ခုပ်တီးသံတဖြောက်ဖြောက်
ရွှေနဂါးကြီးသူ့ရှေ့ရောက်
နှစ်ယောက်အတူဆော့ကစား မောတဲ့အခါနား

အလုပ်များတဲ့အဖေအမေ မြန်မြန်အလုပ်ပြီးပါစေ
ဒါပေမဲ့လည်း သူ့စွမ်းစ မှော်ပညာကိုမယုံကြ
မွေးနေ့ညမှာ ဖိတ်ကြားတာ သူငယ်ချင်းတွေရောက်လို့လာ
စားစရာ အပြည့်အမောက် စားပွဲပေါ်သို့ ချက်ချင်းရောက်။ ။

mgyoe.com

mgyoe.com

# ဒုရကောင်းရွှေခုံတော်

မောင်သင်းမိုး



mgyoe.com

mgyoe.com


## အကောင်းဆုံးစာ

မင်းတိုင်ပင် အမတ်ကျော် ဘုရင်မင်းမြတ်ဆင့်ကာခေါ်
အမြော်အမြင် ဉာဏ်ပညာ နောင်လာနောက်သားပေးဖို့ရာ
ရှာဖွေဖော်ထုတ်ရေးသားကြ ဘုရင်မင်းကြီးအမိန့်ချ
ရှည်လျားလှတဲ့စာအုပ်များ အချိန်ကုန်လို့ အလုပ်မအား
စာအရေးသားပြန်ချုံ့ပစ် စာဆယ်အုပ်က တစ်အုပ်ဖြစ်
စစ်ဆေးပြီးတော့ အဖန်ဖန် နောက်ဆုံးတစ်ခန်းကျန်
ပြန်ပြင်ရေးဖို့လိုသေးတယ် ကြိုးစားကြပါကွယ်
"ဘယ်နေရာမှ အစားအစာ အလကားမရပါ"
ထိုစာတစ်ကြောင်း ကျန်တော့မှ ဘုရင်မင်းကြီးသဘောကျ။ ။

mgyoe.com

mgyoe.com


# ယုန်

ယုန်ဖြူလေး ယုန်ဖြူလေး
ပြေးပြေးလွှားလွှား ယုန်ဖြူလေး၊
ပြေးရင်းလွှားရင်း ဘာကောက်ရ
ပိုက်ဆံအိတ်လေးရ

ကံကောင်းလှတဲ့ ယုန်ဖြူလေး
ပျော်ပျော်ရွှင်ရွှင် ဈေးကိုပြေး
ဈေးကိုရောက်တော့ ဘာဝယ်စား
မုန်လာဥတွေ ဝယ်လို့စား

လတ်လတ်ဆတ်ဆတ် အစားအစာ
ဝယ်ယူစားသုံးပါ
ရက်လွန်နေတဲ့အစာများ
ယုန်ဖြူ သူမစား။ ။

mgyoe.com

mgyoe.com


# အားငယ်သူ

ဖိတ်စာတစ်စောင် ဖတ်ရှုရ
ဖားငယ်ကလေး လက်မှိုင်ချ။

နေမင်းကြီးရဲ့ လက်ထပ်ပွဲ
တက်ရောက်ကြဖို့ပဲ။

ရေကန်ထဲမှာ ရေခန်းခြောက်
ရေချိုမလုံလောက်။

ပေါက်ပေါက်ရှာရှာ ထူးပေစွ
နေမင်းကြီးမှာ မိန်းမရ။

သားတစ်ယောက်မွေး ခက်ပါသေး
ဖားငယ်ရင်မှာလေး။ ။

mgyoe.com

mgyoe.com

ရွှေဝိပေါဝနှ

စပြင်သင်းမိုး



mgyoe.com

## ဒွေးမယ်နော်

မင်းသားညီနောင် ခုနစ်ပါး တောမြိုင်လယ်မှာတောကစား
အစ်ကိုတော်များ ချစ်ကြတာ ညီငယ်အထွေးပါ
တောလမ်းတစ်နေရာ ထိုတစ်ကွေ့ ဖရုံသီးကြီးတွေ့
ဖရုံသီးဝါခွဲကြည့်ရာ မိန်းမချောလေးထွက်ပေါ်လာ
နှာတံစင်းစင်း သားရေဝင်း လှပသူ့ရုပ်ဆင်း
သင်းပျံ့မွှေးမွှေးနာမည်ကျော် ဒွေးမယ်နော်လို့ခေါ်
ညီတော်ထွေးနှင့်ပေးထိမ်းမြား နန်းတော်ခေါ်ဆောင်သွား။ ။

mgyoe.com